# သက်စမ်းရေ




# ရေတွင်းမှ အမျိုးသမီး

## စကားချီး

သက်စမ်းရေစာစောင်က ကြိုဆိုပါ၏။ ဤစာစဉ်က ထူးခြားပါသည်။ နိစ္စဓူဝခေတ်အချိန်ကာလနှင့် ကိုက်ညီသည့် သမ္မာကျမ်းစာပါ အကြောင်းအရာ၊ အတွေးအခေါ်များအပေါ် အခြေခံထားသည်ဖြစ်၍ သမ္မာကျမ်းကို ဖတ်ရသကဲ့သို့ ခွန်အားရစေပါသည်။ လန်းဆန်း စေပါသည်။ စာဖတ်သူ၏ ဘဝတစ်ခုလုံးကိုပင် ပြောင်းလဲနိုင်စွမ်းရှိပါသည်။ အကြောင်းအရာများသည် "အသက်ရှင်ခြင်း၊ တန်ခိုးနှင့် ပြုပြင်ခြင်း၊ သန်လျက်တကာတို့ထက် ထက်ခြင်းနှင့် ပြည့်စုံသည်" (ဟေဗြဲ ၄း၁၂) ဟုပင် ဆိုထိုက်ပေသည်။

သက်စမ်းရေစာစာင်က သမ္မာကျမ်းပါ သစ္စာတရားကို ထုတ်နုတ်ကာ ခွန်အားရကြစေဖို့၊ ဖတ်ချင်စဖွယ်၊ လွယ်ကူသောပုံစံဖြင့် နှုတ်ကပတ်တော်အား အသက်သွင်း ဖော်ပြထားပါသည်။ လွန်လေပြီးသော နှစ်ပေါင်း ထောင်ကျော်က အက္ခရာတင် ရေးသားခဲ့သည့် နှုတ်ကပတ်တော်မြတ်သည် ယနေ့ပင် အသုံးတည့် နေရုံမျှမက သစ်ဆန်းသော ခေတ်ကာလ၊ ရှုပ်ထွေးလှသော ဤလူ့ဘောင်တွင် ကြုံတွေ့နေကြရသည့် ပြဿနာပေါင်းစုံအတွက် အဖြေပေးနိုင်ပေလိမ့်မည့် ဝိညာဉ်ဘဝခရီးကို လျှောက်လှမ်းစဉ် စာစောင်ပါဆောင်းပါးများက သင့်နှလုံးကိုဖွင့်၍ နှုတ်ကပတ်တော်ကို ကြားစေပြီး ဆောက်တည်ရန် ခွန်အားသတ္တိ ပေးမည်ဟု မျှော်လင့်ပါသည်။

ဆောင်းပါးများမှာ တိုတောင်းလှပါသည်။ မိနစ်ပိုင်းအတွင်း အပြီးဖတ်နိုင်မည်ဖြစ်၍ တစ်နေ့တစ်ပုဒ် ပြီးနိုင်လိမ့်မည်။ ဘုရားရှင်၏ နှုတ်ကပတ်တော်ကို အချိန်ယူ ဖတ်ရှုပြီးသောအခါ ထိုအချိန်များသည် အလဟဿမဖြစ်ဘဲ တန်ဖိုးရှိလှသည်ကို တွေ့ရပါမည်။ တစ်ရက်စာအတွက် သင့်ဘဝကို ထူးခြားစွာ ခွန်အားပေးလိမ့်မည် ဖြစ်ပါသည်။

# ရေတွင်းမှအမျိုးသမီး

ရှင်ယောဟန်ခရစ်ဝင်ကျမ်း အခန်းကြီး(၄)ကို မှီးသည်။

## အသက်စမ်းရေအကြောင်း

လူအများက"ကောင်းသောရှမာရိ"အကြောင်း ကြားဖူးနေကျ ဖြစ်နေသော်လည်း ရှမာရိအမျိုးအနွယ်နှင့် ပတ်သက်၍ကား ဂယနဏသိချင်မှသိပေမည်။ အဘယ်ကြောင့်သူတို့ကိုဂျူး(ယုဒ) လူမျိုးတွေက ရွံရှာမုန်းတီး အထင်အမြင်သေးရသည့် အကြောင်းရင်းကို သိကြမည် မထင်ပါ။ ယေရှုရှင် သက်တော်ထင်ရှားရှိတော်မူစဉ်က "ရှမာရိ"ဆိုသည့်အသံ၊ ထိုစကားလုံးကပင် စော်ကားသည့်အဓိပ္ပာယ်ကို ဆောင်နေခဲ့သည်။ (ယော-၈း၄၈ ကို ဖတ်ရှုပါ) အဘယ်ကြောင့် ဂျူးတို့က ၄င်းတို့ကို မုန်းတီးကြပါသနည်း?

ခရစ်တော်မပေါ်မီ ဘီစီ ၇၂၀ တွင် အာရှုရိနိုင်ငံကြီး၏ဘုရင် ရှာလ မနေဇာက ဣသရေလနိုင်ငံကို ဝင်ရောက်တိုက်ခိုက်ခဲ့ပြီး မြောက်ပိုင်းခြမ်းမှ လူမျိုး စု(၁၀)စုကို အာရှုရိနိုင်ငံသို့ သုံ့ပန်းအဖြစ် ခေါ်ဆောင်သွားလေသည်။ ထို့နောက် ဗာဗုလုန်နိုင်ငံနှင့် အခြားစစ်ရှုံးနိုင်ငံများမှ လူတို့ကို ဖော်ပြပါ မြောက်ဘက်ခြမ်း (ဣသရေလလူအချို့ နေထိုင်ဆဲ)ဒေသရှိမြို့များသို့ အစားထိုး စေလွှတ်နေထိုင် စေ-ခဲ့သည်။ ထိုဒေသကို ရှမာရိ ပြည်နယ်ဟုခေါ်တွင်စေခဲ့သည်။ (၄ရာ-၁၇း၂၂-၂၉)

ထိုသို့ပြောင်းရွှေ့လာရောက်နေထိုင်ကြသူများသည် မူလကပင်(ဘုရားမဲ့များ) အယူတိမ်းသူများဖြစ်ကြသော်လည်း နောက်ပိုင်းတွင် ၎င်းတို့အား ယုဒ အယူဝါဒသို့ အဓမ္မပြောင်းလဲခံယူစေခဲ့လေသည်။ ထိုအချိန်မှာ ခရစ်တော် မပေါ် ထွန်းမီ အနှစ် ၂၀၀ ခန့် ဖြစ်သည်။ ၎င်းတို့သည် ဓမ္မဟောင်းကျမ်းမှ မောရှေ၏ ပညတ္တိကျမ်း ၅ ကျမ်း ကိုသာ ယုံကြည်ကြသည်။ ထိုကျမ်းများ၌ ယေရုရှလင်မြို့ အား ဘုရားသခင်၏ သန့်ရှင်းသောမြို့တော်ဟု ဖော်ပြထားခြင်း မရှိသောကြောင့် ထိုမြို့တော်ရှိ ယုဒ (ဣသရေလ)လူတို့၏ ဗိမ္မာန်တော်၌ ဘုရားဝတ်ပြုခြင်း အမှုကို မပြုကြဘဲ ရှမာရိပြည်နယ်ရှိ ဂါရဇိမ်တောင်သည်သာ အသန့်ရှင်းဆုံးသောနေရာ၊ ဘုရားကို ဝတ်ပြုထိုက်သောနေရာ ဟု ယုံကြည်သည်ဖြစ်၍ ထိုတောင်ထိပ်တွင် ဗိမ္မာန်တော်တစ်ဆူ တည်ဆောက်ကာ ဘုရားဝတ်ကိုပြုခဲ့ကြလေသည်။ ရှမာရိတို့သည် အမှန်စင်စစ် ကပြားများ ဖြစ်ကြသောကြောင့် ၎င်းတို့၏ ဓလေ့ထုံးစံနှင့် ဘာသာ၊ သာသနာရေးရာ ကိုးကွယ်ဝတ်ပြုပုံတို့သည် အမျိုးမျိုးရောနှော ကွဲပြားလျက်ရှိကြသည်။ ယုဒတို့က ၎င်းတို့အား အဆင့်နိမ့်သည်ဟု သတ်မှတ်ကာ အပေါင်းအသင်းလုံးဝမလုပ်ကြပေ။

## ၆၆၆

တစ်ချိန်က ယေရှုသည် ရန်သူများ၏ အန္တရာယ်မှ ရှောင်တိမ်းရန် ဂျူဒီ ယား(ယုဒ)ပြည်မှမြောက်ဘက် ဂါလိလဲဒေသသို့ ထွက်ခွာခဲ့ရာ အတိုဆုံးခရီးကို ရွေးလိုက်သည်။ ထိုဖြတ်လမ်းကို ရွေးလိုက်သဖြင့် ဂျူဒီယားနှင့် ဂါလိလဲ ဒေသနှစ်ခုအကြားရှိ ရှမာရိနယ်ကို ဖြတ်သန်းရမည်ဖြစ်သည်။ ယုဒလူတို့သည် ရှ(မာ) ရိလူမျိုးတို့နှင့် မပတ်သက် မဆက်ဆံလိုသောကြောင့် လမ်းတိုကို လိုက်မည့်အစား ထိုနယ်ကို ပတ်သွားရရုံမျှမက ယောဒန်မြစ်ကြီးကိုပင် ဒုက္ခခံ ဖြတ်သန်းသွားလာ တတ်ကြသည်။

ထို့ကြောင့် ယေရှုက ရှမာရိနယ်မြေကို ဖြတ်ရသည့် လမ်းတိုကို ရွေးလိုက်သောအခါ တပည့်တော်တို့က အံ့အားသင့်သွား ကြလေတော့သည်။ရန်သူများ မီလာမည်ကို စိုးရိမ်ရသဖြင့် နံနက်စောစောထပြီး ဆိုးဝါးကြမ်းတမ်းသော ခရီးကို မရပ်မနား ခရီးနှင်ခဲ့ကြရာ နေအရှိန်ပူပြင်းသည့် မွန်းတည့်ချိန်တွင် ဂေရဇိမ်နှင့် ဧဗေလ တောင်နှစ်လုံးကြားကို ဖြတ်နိုင်ခဲ့ကြသည်။ သို့သော် နေကပူ၊ လမ်းကကြမ်း၊ ခရီးကပန်း၊ အစားကမစားရသေးသည့်အပြင် ရေလည်းငတ်နေကြပြီ ဖြစ်၏။ ထိုစဉ် တောင်ကြားလမ်းကို ချိုးကွေ့လိုက်သည်နှင့် လွန်ခဲ့ သောအနှစ် ၂၀၀၀ က ဘိုးဘေးကြီး ယာကုပ် တူးခဲ့သည့် ရေတွင်းကြီးကို မြင်လိုက်ရသောအခါ အေးချမ်းလန်းဆန်းသွားကြလေသည်။

ရေငတ်၊ ခရီးပန်းလာကြသည့် လူတစ်စုသည် ရေတွင်းရှိရာသို့ ဝိုင်းလာကြသည်။ သို့သော် ပေတစ်ရာကျော်နက်သည့်တွင်းမှရေကို ခပ်ယူရန် ရေအိုး (ရေပုံး)မရှိကြ၍ အခက်ကြုံလေတော့၏။ အစားအစာများလည်း ပါမလာခဲ့ကြပါ။ သို့ရာတွင် တောင်ကြားလမ်းအတိုင်း ရှေ့သို့ မိုင်ဝက်ခန့် ခရီးဆက်သွားလျှင် စစ်ခါ (ဓမ္မဟောင်း၌ ရှေခင်)ဟု ခေါ်သောမြို့တစ်မြို့ရှိသဖြင့် တပည့်တော်တို့က အစားအစာဝယ်ရန် ဆက်သွားကြ၏။ ယေရှုမှာမူ ယမန်နေ့ ညကလည်း လုံးဝ မအိပ်ရ၊ အစာလည်းမစားခဲ့ရ၊ ခရီးကလည်း ပန်းလှသောကြောင့် ရေတွင်းဘေး တွင် ထိုင်ချကာ အနားယူနေရစ်ခဲ့လေသည်။

တပည့်တော်များ ထွက်သွားကြပြီး မကြာမီ ကုန်းပေါ်မှ ရေတွင်းရှိရာသို့ လူတစ်ယောက် ဆင်းလာသည့် ခြေသံကိုကြား၍ မော့ကြည့်လိုက်သည်။ လှပသော အမျိုးသမီးတစ်ယောက်သည် ဖြူထည်ရှည်ကို ဖားလျားချကာ ရေချိုင့်တစ်လုံးကိုပိုက်ပြီး ရေတွင်းဆီသို့ ခပ်ပေါ့ပေါ့ ဆင်းလာနေသည်ကို တွေ့လိုက်ရသည်။ သူမအမူအရာက ဘဝကို သိပ်အလေးမထားဘဲ လွတ်လွတ်လပ်လပ်နေခဲ့ပုံ ပေါ် သည်။ အမှန်စင်စစ် သူမသည် အရပ်ထဲတွင် နာမည်ထွက်နေသူဖြစ်ပေသည်။

သူမအား 'မာရာ'ဟုခေါ်ကြသည်။ မာရာ ရေတွင်းသို့အရောက် အရိပ်ထဲတွင် ထိုင်နေသူ လူစိမ်းတစ်ယောက်အား မြင်လိုက် သောအခါ အံ့သြသွားပုံရသည်။ မသင်္ကာသောမျက်လုံးအစုံဖြင့် တစ်ကြိမ် နှစ်ကြိမ် မရဲတရဲ ကြည့်ရှု အကဲခတ်လိုက်သည်။




ဂျူး(ယုဒ)လူ တစ်ယောက်ဟု ကောက်ချက်ချလိုက်သည်။ သူ့ကိုတော့ နှောက်ယှက်မည်မဟုတ်ဟု မျှော်လင့်ပြီး ဣန္ဒြေရရပင် ရေချိုင့်ကိုတွင်းထဲသို့ ချလိုက်သည်။

“ရေတစ်ပေါက်လောက်သောက်ပါရစေ” ယေရှုက ရေတောင်းသောက်သည်။ မာရာက အံ့သြခြင်းမက အံ့သြသွားသည်။ သူ့နားကိုပင် သူမယုံ၊ လူစိမ်းကို စူးစိုက်ကြည့်လိုက်မိသည်။ ထူးခြားမှုဖြစ်သောကြောင့် အံ့သြမိသည်မှာ မဆန်းပါ။ ယုဒတို့၏ဓလေ့ ထုံးတမ်းက“မသန့်ရှင်းသော” ရှမာရိတို့ သုံးဆောင်သော ပန်းကန်ခွက်ယောက်မှ (မစား)မသောက်ရန်မြစ်တား ထားသည်။အထူးသဖြင့် မိန်းမတစ်ယောက်၏ လက်နှင့်ထိ(ကိုင်)ထားသောခွက်။

“ဟင်၊ ဘယ်လိုလဲ၊ ရှင်ကဂျူး၊ ကျွန်မလို ရှမာရိမိန်းမဆီက ရေတောင်း သောက်မယ်?” ဟု ခပ်ဆတ်ဆတ်ကလေး ထေ့လိုက် သည်။

“မင်းဟာ ဘုရားသခင်ထံမှ ရရှိအပ်သော ဆုလာဘ်အကြောင်းနဲ့ ‘ရေတစ်ပေါက်လောက် သောက်ပါရစေ’လို့ တောင်းနေတဲ့ ငါဟာ ဘယ်သူ ဘယ်ဝါဖြစ်တယ်ဆိုတာသိရင် မင်းကိုယ်တိုင် သူ့ထံက ရေကို တောင်းသောက်လိမ့်မယ်၊ သူကလည်း အသက်ရှင်တဲ့ သက်စမ်းရေကို ပေးမှာသေချာတယ်’ ဟု ယေရှုက ဖြေလိုက်သည်။ မာရာက သိပ်နားမရှင်း၊ ဇဝေဇဝါ ဖြစ်သွားသည်။

“နောင်ကြီး၊ ရှင့်မှာ ရေခပ်ဖို့ ဘာပစ္စည်းမှမပါ၊ ရေတွင်းကလည်း နက်လိုက်ပါဘိ၊ ရှင်ဘယ်က အသက်ရှင်တဲ့ သက်စမ်းရေကို ရနိုင်မှာတဲ့လဲ?” ဟု မေးလိုက်သည်။ ဂျူးကြီးကို မှတ်သားလောက်အောင်တော့ ပြောထည့်လိုက်မယ်ဟု ခေါင်းကို ဆတ်လိုက်ရင်း ဆက်ကာ “ကျွန်မတို့ ဘိုးဘေးကြီး ယာကုပ်ထက်ပဲ ရှင်က ကြီးမြတ်သေးသလား? ဒီတွင်းကို သူကိုယ်တိုင် တူးခဲ့တာ၊ သူကိုယ်တိုင် သောက်ခဲ့တယ်၊ သူ့သားသမီးမြေးမြစ်တွေရော၊ သူ့သိုးဆိတ် တိရစ္ဆာန်တွေပါ အခုထိ သောက်နေဆဲပါ” ဟု ပြောလိုက်သည်။

ယေရှုက ထိုင်ရာမှ ထလိုက်ပြီး ရေတွင်းအနီးသို့ လျှောက်လှမ်းသွားသည်။ ရေတွင်းနှုတ်ခမ်းကို လက်နှစ်ဘက်ထောက်၍ ကိုယ်ကို မှီထားလိုက်သည်။ တွင်းထဲမှရေကို စိုက်ကြည့်ရင်း “ဒီရေကို သောက်ကြသူတိုင်းဟာ နောက်ထပ် ရေငတ်ကြလိမ့်ဦးမယ်၊ နောက်ထပ် သောက်နေဖို့လိုလိမ့်မယ်၊ ဒါပေမယ့် ငါပေးမယ့်ရေကို သောက်တဲ့လူဟာ နောက်ထပ် ဘယ်တော့မှ ရေငတ်တော့မှာ မဟုတ်ဘူး၊ ငါပေးတဲ့ရေဟာ လူ့ခန္ဓာကိုယ်အတွင်း(စိတ်အတွင်း)ကို ရောက်သွားပြီး ထာဝရအသက် အမြဲ စိမ့်ထွက်နေမှာဖြစ်တဲ့ စမ်းရေပေါက် ဖြစ်လိမ့်မယ်”ဟု နက်နဲတည်ကြည်စွာ ရှင်းပြလေ၏။

ဤအဆိုအမိန့်နှင့် သူ့အမူအရာက ထူးခြားလှသည်။ မာရာ၏ စိတ်အတွင်း၌ ထူးကဲစွာ ခံစားလိုက်ရသည်။ စဉ်းစားကြည့်ပါ- မိမိကိုယ်အတွင်းမှ စမ်းရေပေါက်တစ်ခု ဖြစ်ပေါ်လာမယ်တဲ့-အဲဒါကြောင့် မိမိဟာ တစ်သက်လုံး ရေမငတ်တော့ဘူးဆိုပါလား- ဘာကိုဆိုလိုပါလိမ့်နော်! မာရာအဖို့တော့ သိမ်မရှင်းပါ။ “နောင်ကြီးရှင့်၊ နောင်ကြီးပြောသလိုသာ ရေမငတ်တော့ဘူးဆိုရင် ကျွန်မလည်း ရေလာခပ်နေစရာမလိုတော့ဘူး၊ ကောင်းလိုက်တာ၊ ကဲ အဲဒီရေကို ကျွန်မကို ပေးပါလား! ”ဟု အကဲစမ်းမေးခွန်းဖြင့် တုံ့ပြန်လိုက်သည်။

“အေး၊ ကောင်းပြီ၊ ဒီလိုဆိုရင် ပထမဆုံး မင်းရဲ့ယောကျ်ားကို သွားခေါ်ပြီး ပြန်လာခဲ့”ဟု အမိန့်ရှိလိုက်သည်။ မာရာ့ရင်ထဲတွင် ဒိန်းခနဲ ဖြစ်သွားသည်။ “ကျွန်မမှာ လင်ယောကျ်ား မရှိပါဘူးရှင့်”ဟု မိန်းမတို့ အိန္ဒြေကိုထိန်းလျက် ရှက် ဟန်ဆောင်- ပြီး ဖြေလိုက်သည်။ ယေရှုက “အေး၊ ဟုတ်တယ်၊ မင်းပြောတာမှန်တယ်၊ မင်းမှာ လင်ယောကျ်ားမရှိဘူးဆိုတာ အမှန်ပဲ၊ တကယ်တော့ မင်းမှာ လင်ယောကျ်ား ငါးယောက် ရှိခဲ့ဖူးတယ်၊ လက်ရှိ မင်းနဲ့ ပေါင်းသင်းနေတဲ့လူဟာလည်း မင်းလင်ယောကျ်ားမဟုတ် ဘူးကွယ့်”ဟု ပြောချလိုက်သည်။

လူစိမ်းတစ်ယောက်က သူ့အတွင်းရေး(အိမ်ထောင်ရေး)နှင့် ပတ်သက်ပြီး စွပ်စွဲချက်မှာ တိကျမှန်ကန်လှသဖြင့် မာရာစိတ်ထဲမှာ ပူထူလျက်ရှိတော့သည်။ဘယ်လို-ဘာကြောင့်များ ဒီလောက် အတွင်းကျကျ သိနေပါလိမ့်၊ ဟုတ်ပြီ၊ သူဟာ ထိုးထွင်းမြင်နိုင်(အမြင်ရ)စွမ်း ရှိတဲ့ ပုဂ္ဂိုလ်၊ ပုရောဟိတ်တစ်ပါး ဖြစ်ရမယ်။ထို့နောက် စိတ်ကူးတစ်ခု ပေါ်လာလေသည်။ ထိုအချိန်အခါက ဘာသာရေးနှင့် စပ်လျဉ်း၍ အငြင်းပွားနေသော ပြဿနာကြီးတစ်ခုရှိရာ ဤပုဂ္ဂိုလ်ကြီးကတော့ ဖြေရှင်းပေးနိုင်လိမ့်မည်ဟု မာရာ တွေးမိ၏။ “ကိုယ်တော်၊ ကိုယ်တော်ဟာ ပုရောဟိတ်တစ်ပါး ဖြစ်ရမယ်” မာရာ၏ မျက်နှာထားမှာ တည်ကြည်လာသည်။ ခေတ္တတွေဝေနေပြီးနောက် ဂေရဇိမ်တောင်ကြီးကို လက်ညှိုး ထိုးပြရင်း ဆက်၍ “ကျွန်မတို့ ဘိုးဘေးတို့က ဒီတောင်ပေါ်မှာ ဘုရားဝတ်ပြုကြပါတယ်။ ဒါပေမယ့် ကိုယ်တော်တို့ ယုဒလူတွေကတော့ ယေရှုရှလင်မြို့မှာသာ ဝတ်ပြုကိုးကွယ်ရမယ်လို့ ဆိုကြပါတယ်၊ အဲဒါဘယ်လိုပါလဲရှင်?” ဟု မေးလိုက်သည်။

ယေရှုကလည်း တည်ကြည်သော မျက်နှာတော်ဖြင့် “အချင်းမိန်းမ၊ ငါ ပြောတာကို ယုံတော့၊ ဒီတောင်ပေါ်ကိုလည်း တက်ဖို့မလို ဘူး၊ ယေရုရှလင်မြို့ကိုလည်း သွားဖို့ မလိုတော့ဘူး၊ တို့ရဲ့ ဖခမည်းတော် ထာဝရဘုရားကို ဝတ်ပြုကိုးကွယ်နိုင်ဖို့ ဘယ်ကိုမှ မသွားဘဲ ကိုယ်ရှိရာနေရာကပဲ ရှိခိုးပူဇော်နိုင်ခွင့်ရချိန်ဟာ နီးကပ်လာပြီ၊ နီးကပ်နေပြီ၊ အဲဒီအချိန်ကို ရောက်နေချေပြီ။ အခုအချိန်မှာ ဘုရားရှင်ကို အမှန်ယုံကြည်သူတွေဟာ ခမည်းတော်ဘုရားအား စိတ်ဝိညာဉ်ကို သစ္စာတရားနဲ့ပေါင်းပြီး ကိုးကွယ်တတ်ကြရမည်။ ဘုရားရှင်က အဲဒီလို ဝတ်ပြုပုံမျိုးကိုသာ နှစ်သက်လက်ခံတယ်။ တို့ ဘုရားဟာ နံဝိညာဉ်နဲ့ဆိုင်တဲ့ ဘုရားဖြစ်တော်မူတဲ့အတွက် စိတ်ဝိညာဉ်နှင့်သစ္စာရှိရှိ ကိုး ကွယ်တတ်ဖို့ပဲလိုတယ်”ဟု အခိုင်အမာ မိန့်တော်မူလေ၏။

မာရာ အံ့သြသွားရပြန်ပါသည်။ ဒီပုဂ္ဂိုလ်ကြီးပေးတဲ့ အဖြေသာ မှန်တယ်ဆိုရင် သိပ်ကောင်းမှာပဲ။ လူတွေလည်းဘယ်နေရာကို မှသွားနေဖို့ မလိုတော့ဘူး။ ဘယ်တောင်ပေါ်မှတက်စရာမလို၊ ကိုယ်ရှိတဲ့နေရာကပဲ ကိုယ့်စိတ်ဝိညာဉ် အတွင်းက သစ္စာရှိရှိ ဘုရားကို ကြည်ညိုရမယ်ဆိုပါကလား၊ ကောင်းလိုက်တာ၊ မာရာက အတွေးနယ်ချဲ့လိုက်ပြန်ပါသည်။ အင်းသိချင်တာ တစ်ခုကျန်သေးတယ်။ လူတွေ ပြောပြောနေကြတဲ့ “ကယ်တင်ရှင်” ဆိုတဲ့ မေရှိယ ဆိုတာကို မေးဦးမှပဲ၊ လူတွေမျှော်နေကြတာလည်း ကြာပြီ. . .။

ရေတွင်းကို ခပ်ရှိုရှိုကလေးမှီရင်း “ကိုယ်တော်၊ ကျွန်မတို့ မေရှိယ ဆိုတဲ့ ပုဂ္ဂိုလ်ကြီး ပေါ်ထွန်းကြွလာမယ်ဆိုတာ ကြားနေရပါတယ်။ လူအချို့ကတော့ ခရစ်တော်လို့လည်း ခေါ်ကြသတဲ့။ ဘိသိက်ပေးခြင်းခံရသူ ဆိုလားပဲ၊ သူသာကြွလာမယ်ဆိုရင် ကျွန်မ တို့ မသိသေးတာတွေကို သူက သင်ကြားရှင်းပြပေးမှာပဲနော်” ဟု စလိုက်သည်။

ယေရှုက ရှမာရိအမျိုးသမီး၏ မျက်လုံးများကို စူးစူးစိုက်စိုက် ထိုးဖောက်ကြည့်လိုက်ပြီးနောက်“အခုမင်းကိုရှင်းလင်းပြောပြနေသူငါ ဟာသူပဲ” ဟု ဖြေလိုက်လေတော့၏။ မာရာမျက်လုံးမျက်ဆံပြူးသွားလေတော့သည်၊ ယေရှုကို သေချာစိုက်ကြည့်ပြီး မှင်တက်မိသွားပြန်သည်။ သူပဲတဲ့ဖြစ်နိုင်ပါ့မလား ? မေရှိယဆိုတဲ့ ကယ်တင်ရှင် ခရစ်တော်ဟာ သူကိုယ်တိုင်ပဲတဲ့၊ မာရာရင်တွေ ခုန်လာပြီ၊ ဘာပြန်မေးရမှန်းမသိ တော့။

ထိုအချိန်တွင် မြို့ထဲမှ သစ်သီးဝလံ၊ အစားအစာနှင့် နို့ချိုင့်များကို တစ်ပွေ့တစ်ပိုက် ဝယ်ခဲ့ပြီးနောက် ရုတ်ရုတ်သဲသဲဖြင့်

ပြန်ရောက်လာကြသည့် တပည့်တော်များကြောင့် စကားပြတ်သွားလေသည်။ ရေတွင်းရှိ ယေရှုရှိရာသို့ ရောက်လာကြသောအခါ မာရာလည်း ရုတ်တရက်ပင်ထွက်၍ မြို့ဘက်သို့ ကပျာ ကယာ သုတ်ချေတင်လေတော့၏။

စစ်ခါမြို့ဈေးအတွင်း ဈေးဝယ်သူများနှင့် စည်ကားနေသည်။ လူအချို့ က မြို့အဝင် မုခ်ဝ၏ အရိပ်အာဝါသကို ခိုရင်း စကားစမြည်ပြောကြ၊ အနားယူ ကြ ရှိနေကြသည်။ ထိုအခိုက် မာရာသည် အမောတကော ပြေးဝင်လာပြီး လူများ ရှိရာသို့ ကမျောသောပါး တိုးဝှေ့လာကာ “လာကြပါဦး၊ လာကြစမ်းပါဦး၊ ရေတွင်း မှာလူကြီးတစ်ယောက်နဲ့ တွေ့ခဲ့တယ်။ ကျွန်မအကြောင်း၊ ကျွန်မ အိမ်ထောင်ရေး တွေ၊ အရှုပ်တွေကို နိုက်နိုက်ချွတ်ချွတ် သိနေတယ်၊ ကျွန်မကို ပြောပြတော့ ရှက် လိုက်တာ၊ မျက်နှာဘယ်ထားရမယ်တောင် မသိတော့ ဘူး၊ အံ့ရော” မာရာအား လူအုပ်ကြီးက ဘုမသိ ဘမသိ ဝိုင်းလာကြပြီး၊ အသက်ရှူပါဦး၊ ဖြည်းဖြည်း ရှင်းပြပါဦးဟု ဝိုင်းပြောကြသည်။ မာရာက သူကြုံတွေ့ခဲ့ရသည့် အထူးအဆန်း စကားများကို တဖြည်းဖြည်း ရှင်းပြလေသည်။ ကြားကြရသူတို့လည်း မယုံနိုင်လောက်အောင် အံ့သြသွားကြရသည်။ အထူးသဖြင့် “သူက ကျွန်မကို ပြောတယ်၊ သူဟာ မေရှိယ ကိုယ်တိုင်ပဲတဲ့ရှင်” သူမက သံသယကင်း၊ အကွင်းမဲ့ ယုံကြည်ပုံဖြင့် အလေးအနက် ပြောနေသည်ဖြစ်သောကြောင့် လူအတော်များများက ရေတွင်းက ပုဂ္ဂိုလ်ဟာ မေရှိယ ဖြစ်တန်ရာ၏ဟု လက်ခံရမည်လို ဖြစ်ကြလေသည်။

(ယာကုပ်ရေတွင်း)တွင် ယေရှုနှင့် တပည့်တော်တို့သည်လည်း အစာစား ပြီး၍ အနားယူလျက်ရှိပြီ။ သို့ရာတွင်အနားမယူနိုင်သေး ပါ။ စစ်ခါမြို့ဆီမှ လူအုပ်ကြီးသည် သူတို့ရှိရာသို့ လာနေကြသည်ကို လှမ်းတွေ့နေရပြီ။ လူအုပ်ကြီး၏ အလယ်တွင်ကား မိမိခံစားချက်ကို အားမရနိုင်အောင် ရှင်းပြရင်း ခေါင်းဆောင် လာနေသူ မာရာကိုတွေ့နိုင်ပေသည်။ လူအုပ်ကြီးက ခရီးရောက်မဆိုက် ယေရှုအား မြို့တွင်းသို့ တစ်ပါတည်းကြွဝင်ပါရန်နှင့် သူတို့အားဟောပြောသင်ပြ ဩဝါဒ မိန့်ခြွေပါမည့် အကြောင်း ပင့်ဖိတ်လေတော့၏။ ယေရှုက လက်ခံလိုက် သောအခါ လူစုလူဝေးကြီးက နှစ်ထောင်းအားရစွာဖြင့် စစ်ခါသို့ ပင့်ဆောင်သွားလေသည်။ မြို့သို့ရောက်သည်နှင့် သူတို့ တတ်နိုင်သမျှ အကောင်းဆုံး နေရာထိုင်ခင်းနှင့် စားသောက်ဖွယ်များ ပြင်ဆင်ကြတော့သည်။

ယေရှုနှင့် တပည့်တော်တို့သည် ထိုမြို့၌ နှစ်ရက်ကြာ သီတင်းသုံးတော်မူပြီး တရားဟောခြင်း၊ ရှင်းလင်းသင်ကြားပေးခြင်း၊ ဩဝါဒပေးခြင်း အမှုကို ပြုတော်မူ၏။ ယေရှုရှင် ဟောကြားပြသတော်မူသည့် အံ့ဖွယ်ရာ ကယ်တင်ခြင်းနှင့် ဆိုင်သော သစ္စာတရားသည်ကား ဘုရားသခင်၏ ရှေ့တော်၌ ဂျူး-ရှမာရိ ဟူ၍ လူမျိုးခွဲခြားခြင်းမရှိ၊ ဝတ်ပြုကိုးကွယ်ရာတွင်မိမိရှိရာနေရာ၊ အရပ်ဒေသမှပင် ရှိခိုးနိုင်ကြောင်း၊ လူတို့ဆောက်လုပ်သော ကျောင်းဗိမာန်တွင်းမှသာ ကိုးကွယ်ရသည်မဟုတ် စသည်ဖြင့် ယေရှုရှင်၏ နှုတ်တော်မှ တင့်တယ်လှသည့် နှုတ်ကပတ်သစ္စာတရားတော်ကို မိမိတို့နားနှင့် ဆတ်ဆတ် ကြားလိုက်ရပြီ ဖြစ်၍ ယေရှုရှင်အား ယုံကြည်ကြပြီး ချီးမွမ်းကြလေသည်။ ထို့ပြင် မာရာအား သူတို့က “မင်းဆီက တစ်ဆင့်စကားကြားရလို့ မဟုတ်ဘူး၊ အခု တို့ကိုယ်တိုင် ကြားလိုက်ရပြီ၊ ဒီပုဂ္ဂိုလ်ဟာ အမှန်ပဲ လောကကြီးကို ကယ်တင်မယ့် ခရစ်တော်စင်စစ်ဖြစ်တယ်ဆိုတာ တို့တွေယုံပြီ’ ဟု ဝိုင်းပြီး ပြောပြလေ၏။ ဂါလိ-လဲသို့ ခရီးမဆက်မီ နောက်ဆုံးနေ့၌ စစ်ခါမြို့သူမြို့သားများ ဝိုင်းလာကြပြီး ယေရှုရှင်နှင့် သူ့တပည့်တော်တို့အား နှုတ် ဆက်ကြသည်။ ခရီးတစ်လျှောက်တွင် သုံးဆောင်နိုင်ရန် အစားအစာနှင့် စပျစ်ရည်များ ဆက်ကပ် လိုက်ကြသည်။




မာရာသည်လည်း ကြည်အေးသောနှလုံးဖြင့် လူအုပ်ထဲမှ ထွက်၍ ရွှင်ပျသောမျက်နှာဖြင့် ယေရှုထံပါးသို့ ချဉ်းကပ်နှုတ်ဆက်လိုက်သည်။ ထိုအချိန် တွင်မှ သူ့အား ရေတွင်း၌ ပြောသော ယေရှု၏စကားတွင်ပါရှိသည့် အဓိပ္ပာယ်ကို အပြည့်အဝ နားလည်လေသည်။ သူ့နှလုံးသား အတွင်း၌လည်း အေးမြသော စမ်းရေ စီးဆင်းနေဘိသို့ ကြည်ရွှင်ချမ်းမြေ့ကာ ကျန်ရစ်တော့၏။

# ခဉ်းစားဆင်ခြင်ရန်

* လောကတွင် ပျက်စီးပျောက်ဆုံး (ဘဝပျက်နေသူ) အထီးကျန်တို့အား ဘုရားသခင်၏ မေတ္တာတော်ကို ဖော်ပြ တို့ထိရမည်ဆိုလျှင် ယေရှုသည် တည်နေဆဲ ဘာသာရေးဆိုင်ရာ ဥပဒေပညတ်များနှင့် ထုံးဓလေ့တို့ကို ချိုးဖျက်ရန် ဝန်လေးသူ မဟုတ်ပါ။ ရှမာရိ လူမျိုးတို့နှင့် ယဉ်ကျေးမှု၊ လူမျိုးရေးနှင့်ဘာသာရေး အယူအဆ ကွဲပြားခြားနားမှုတို့ကို သူက အလေးမထား၊ ထို့ပြင် ရေတွင်း၌ တွေ့ဆုံခဲ့သည့် ဒုစရိုက် အပြစ်မကင်းသူ အမျိုးသမီး၏ ဘုရားရှင်အပေါ် ကြည်ညိုတမ်းတမှုနှင့် ကယ်တင်ခြင်းကို အမှန်တကယ်လိုလားမှုကိုထောက် ထားသောအားဖြင့် သူမ၏ အပြစ်ကို ပမာဏမထားတော့ဘဲ ကင်းလွတ်ခွင့်ပေးခဲ့သည်။
* ဘုရားသခင်ထံမှ ရရှိအပ်သော ဆုလာဘ်အကြောင်းကိုသိလျှင် သင်တောင်းခံလိမ့်မည်၊ သင်တောင်းခံလျှင် ဘုရားရှင်က အသက်စမ်းရေကို ပေးလိမ့်မည်၊ ထိုစမ်းရေမှ ထာဝရအသက် ပေါ်ထွက်လိမ့်မည်ဟု ယေရှုက ရေတွင်း၌ တွေ့သည့် အမျိုးသမီးအား မိန့်မြွက်ခဲ့သည်။ ဤအချက်သည် သမ္မာကျမ်း၌ အလွန်မှ တင့်တယ်လှပသော ကတိတော်တစ်ပါးဖြစ်သည်။ ဤဆုလာဘ်ကား အခြားမဟုတ်၊ ထာဝရအသက်တည်းဟူသော ကယ်တင်ခြင်းဆုကျေးဇူးဖြစ်၏။ (ရော၊ ၆း၂၃)က “ဘုရားသခင်ပေးတော်မူသော ဆုကျေးဇူးတော်ကား ငါတို့သခင်ယေရှုခရစ်အားဖြင့် ထာဝရ အသက်ပေတည်း”ဟု ဖွင့်ဆိုထားပါသည်။ အသက်စမ်းရေဆိုသည်မှာ ထာဝရအသက်အား ပံ့ဆောင်ရုံမျှမက ဘုရားသခင်၏ ဝိညာဉ်တော်လည်းဖြစ်၏။ ဘုရားသခင်အား ယုံကြည်လျှင် ကျွန်ုပ်တို့၏ စိတ်နှလုံးအတွင်း၌ ကိန်း ဝပ်မည်ဟု ယေရှုရှင်က ကတိထားတော်မူသည်။ (ယော၊ ၇း၃၇-၃၉)

* "ဘုရားသခင်သည် နံဝိညာဉ်နှင့်ဆိုင်သော ဘုရားဖြစ်သည်"ဟု ယေရှုက ရေတွင်း၌ ဆုံသော ရှမာရိ အမျိုးသမီးအား ရှင်းပြခဲ့၏။ သမ္မာကျမ်းစာက "အမြင့်ဆုံးသော ဘုရားသည် လူတို့လက်ဖြင့်လုပ်သော ဗိမ္မာန်တော်၌ ကိန်းဝပ်တော်မူသည်မဟုတ်" (တ၊ ၉း၅၀)ဟု ဖော်ပြထားသည်။ ဘုရားသခင်သည် လူတို့လက်ဖြင့် ဆောက်လုပ်၍ ဘုရားဝတ်ပြုရာ ဘုရားအမှုတော်ဆောင်ရန်အတွက် အရေးပါသော ဗိမ္မာန်တော်များ၊ သာသနိကအဆောက်အအုံများ၌ ကိန်းဝပ်တော်မမူ၊ ဤအဆောက်အအုံတို့သည် လူတို့က ဝတ်ပြုကိုးကွယ်ရန်နှင့် လူအချင်းချင်း မိဿဟာယ ဖွဲ့ဖို့ရန်အတွက် အသုံးပြုနိုင်သည်။ သို့သော် ဘုရားနှင့် ထိတွေ့နိုင်မည့်နေရာတစ်ခု သက်သက်တော့ မဟုတ်ပါ။ ဘုရားရှင်အား အချိန်အခါ၊ နေရာဒေသမရွေး တွေ့နိုင်ပါသည်။ ဘုရားရှင်အား ကိုယ်စိတ်နှလုံးထဲမှဖိတ်ခေါ်ပါ။ တိုက်ရိုက်ဆက်သွယ်ပါ။သမ္မာကျမ်းအရဆိုလျှင်လည်း ဘုရားသခင်ကိန်းဝပ်ရာ ဗိမ္မာန်တော်သည် အဆောက်အဦး မဟုတ်။ လူ၏ အတွင်းစိတ်ဝိညာဉ်ဟု ဆိုပါသည်။ မိမိအသက်တာ ဘဝအတွင်း ဝိညာဉ်တော်ကို လက်ခံသူတိုင်း၌ ဘုရားရှင် ဝင်ရောက်ကိန်းအောင်းသည်။ "သင်တို့ ကိုယ်ခန္ဓာသည် ဘုရားသခင်ပေးသနားတော်မူသော ဝိညာဉ်တော်တည်း ဟူသော သင်တို့အထဲ၌ကိန်းဝပ်၍ သန့်ရှင်းသောဝိညာဉ်တော်၏ ဗိမ္မာန်ဖြစ်ကြောင်းကို မသိကြသလော?" (၁ကော၊ ၆း၁၉) ဟု မေးထားပါသည်။ (၁ ရာ၊ ၈း၂၇။ ၁ ကော၊ ၁၆း ၁၇။ ၂ ကော၊ ၆း၁၆ နှင့် ဗျာ၊ ၃း၂၀ တို့ကို ဆက်လက်လေ့လာပါ)

* ယေရှုသည် ယုဒထုံးတမ်းနှင့်အညီ ပျိုးထောင်ခြင်းကိုခံခဲ့ရပြီး ကြီးပြင်းလာသူဖြစ်သောကြောင့် ယုဒတို့သည် ရှမာရိတို့ ထက် "တရားဓမ္မရေးရာ၌ မှန်ကန်သည်" ဟု ယုံ ကြည်သက်ဝင်သော်လည်း သူသည် ရှမာရိတို့အား ယုဒ အယူသို့ ပြောင်းလဲလက်ခံရန် အားမထုတ်ခဲ့ပါ။ ယေရှုရှလင်မြို့တော်ရှိ "စစ်မှန်သောဗိမ္မာန်တော်"၌သာ ဘုရားဝတ်ပြုပါဟု မတိုက်တွန်းခဲ့ပါ။ ရှမာရိတို့သည် ဘုရားသခင်ကို ယုံကြည်ခြင်းရှိပါက ဘုရားသခင်၏ နိုင်ငံတော်နှင့် ထိုက်တန်သူများအဖြစ် ယေရှုက လက်ခံခဲ့ပါသည်။ သင် ကိုယ်တိုင် ဘုရားသခင်၏ ဆုကျေးဇူးတော်ဖြစ်သော ထာဝရအသက်ကို ရရှိနိုင်ခွင့်ရှိသည်။ ဘုရားရှင်၏ ဝိညာဉ်တော်ကိုလည်း သင့်နှလုံးသားအတွင်း အပြည့် အဝ လက်ခံရရှိနိုင်ပေသည်။

# လူအများနှင့် အောင်မြင်စွာ ဆက်ဆံခြင်း

## လူတို့၏ ရိုင်းပင်းမှုကို ရယူနည်း

ကိုယ်ပိုင်ဉာဏ်ဖြင့် ပေါ်ပေါက်သော စိတ်ကူးတစ်ရပ်ကို အောင်မြင်ပြီးစီးသည့်အထိ အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ရရှိအပ်သော တွန်းအား သည် အခြားသူတို့၏စိတ်ကူးကို မိမိအား စေခိုင်းသဖြင့် ဆောင်ရွက်ပြီးစီးချိန်တွင် ခံစားရသည့် တွန်းအားထက် သာလွန်သည် မဟုတ်ပါလား? ထိုသို့ဆိုလျှင် ကိုယ့်စိတ်ကူး ကိုယ့်အယူအဆများကို အခြားသူများအား အခွမလိုက်နာဆောင်ရွက်စေ ခိုင်းသည်ထက် အကြံပေးခြင်းနှင့် ၎င်းတို့ ကိုယ်တိုင် ကောက်ချက်ဆွဲစေခြင်းက မကောင်းပေဘူးလား?
နာမည်ကျော် အမေရိကန်မြို့တော်ဝန်တစ်ဦး၏ရုံးတွင် သုံးနှစ်ကြာ အမှုထမ်းခဲ့ဖူးသူက တာဝန်ထမ်းစဉ်ကာလတစ်လျှောက် မြို့တော်ဝန်က မည်သူ့ကိုမှ တိုက်ရိုက် အမိန့်ပေးခဲ့သည်ဟူ၍မရှိ၊ သူက အမြဲပင် အကြံပြုတတ်သည် "ဒီလိုလုပ်-ဟိုလိုလုပ် လိုက်" ဟု အမိန့်နှင့်ခိုင်းမည့်အစား "ဒီလို စဉ်းစားကြည့်ပါလား-ဟိုလိုလုပ်ရင် ဖြစ်မယ်ထင်သလား? "ဟူ၍သာပြောသည်ကို သတိပြုမိသည် ဟုဆို၏။ စာကြမ်းတစ်စောင်ကြောင်းပေးပြီးလျှင် စာကြမ်းကိုဖတ်ကြည့်ပြီး သူ့လက်ထောက်အား "ဒီစာကို ဘယ်လို သဘောရသလဲ ? ဒီစာ
ကြောင်းကို ဟိုလိုပြန်ရေးလိုက်ရင် ကောင်းမယ်ထင်တယ်" စသည်ဖြင့် အကြံကောင်း၊ ဉာဏ်ကောင်းတောင်းခြင်းဖြင့် လက်အောက်ဝန်ထမ်းတို့အား ကိုယ့်ဘာသာကိုယ် လုပ်ကိုင်တတ်ဖို့ အခွင့်အလမ်း ဖွင့်ပေးတတ်သည်။ ၎င်းတို့အား တိုက်ရိုက်အမိန့်ပေးခြင်းထက် အမှားများမှအမှန်ကို ရွေးတတ်လာကာ ကိုယ်ပိုင် အသိဉာဏ်ကိုဖွံ့ဖြိုးစေသည်။

ဤနည်းကို သုံးခြင်းဖြင့် မျက်နှာမပျက်စေဘဲ ဝန်ထမ်းတို့သည် သူတို့၏ အမှားများကို ပြင်ဆင်ရန် လွယ်ကူစေသည်။ လုပ်ငန်းကို ကန့်လန့်မလုပ်ဘဲ ရိုင်းပင်းမှု ပေးလာကြသည်။ သမ္မာကျမ်းစာက"ဘုရားသခင်၏ကျွန်သည်ရန်မတွေ့ရ။ ခပ်သိမ်းသောသူတို့အား ဖြည်းညှင်းစွာပြုသောသူ၊ ဆုံးမသြဝါဒပေးခြင်းအမှု၌ လိမ်မာသောသူ၊ သည်းခံနိုင်သောသူဖြစ်ရမည်"(၂တိ။၂း၂၄)ဟု ဆိုထားသည်။

ညွှန်ကြားသောအမိန့်များကို မေးခွန်းပုံဖြင့် ဆက်သွယ်ခြင်းက တစ်ဖက်သားအား နားဝင်ချို လက်ခံစေတတ်ရုံသာမက သူ့အား တီထွင်ကြံဆလိုစိတ်ကို နှိုးဆွပေးစွမ်းရှိ၏။ ဆုံးဖြတ်ချက်နှင့် အမိန့်တစ်ရပ်မထုတ်ပြန်မီ အကြံညှိနှိုင်းရာတွင် မိမိ ကိုယ်တိုင် ပါဝင်ဆွေးနွေးခွင့် ရခဲ့သောသူသည် ထိုဆုံးဖြတ်ချက်နှင့် အမိန့်ကို လက်ခံလိုက်နာဖို့ အလားအလာ ပို၍ကောင်းသည်။

ထိရောက်သော ခေါင်းဆောင်မှုပေးနိုင်ခြင်းတွင် အမိန့်ပေးခြင်းထက် မေးခွန်းပုံစံဖြင့် ဆောင်ရွက်မှုနည်း ပါဝင်နေ၏။ "ကျွန်တော်တို့ ဒီလိုလုပ်ကြရင် မကောင်းဘူးလား? ခင်ဗျားတို့ ဒီလိုလုပ်ချင်ကြသလား? ကျွန်တော်တို့ ဘယ်လို ကိုင်တွယ်ကြရင် ကောင်းမလဲ?" စသည့်ပုံစံမျိုးကို ဖြစ်နိုင်သ၍ သုံးပါက လူတို့သည် ရွေးချယ်ပိုင်ခွင့်ရှိ ကြကာ သူတို့ဆန္ဒအလျောက် ဆောင်ရွက်ကြသည့် သဘောကို ဆောင်စေလိမ့်မည်။

၆၆၆

ဖီလာဒဲလ်ဖီးယားမြို့ရှိ မော်တော်ယာဉ်အရောင်းပြခန်း မန်နေဂျာ အဒေါ့လ်(ဖ) စယ်လ်(စ) ဆိုသူသည် ကျွန်တော်ပို့ချသော သင်တန်းသို့ တက်ရောက်ဖူးသည်။ တစ်ချိန်တွင် စိတ်ဓာတ်ကျ၊ စည်းရုံးမှုလျော့ရဲပြီး အလုပ်ခွင်တွင် စိတ်မပါကြ၍ အရောင်းကျလျက်ရှိသော အခြေအနေကို ရင်ဆိုင်ခဲ့ရ၏။ အဒေါ့လ်(ဖ)က ဝန်ထမ်းများနှင့်တွေ့ဆုံရန် အစည်းအဝေး ခေါ်လိုက်သည်။ လူများအစုံအညီ ရောက်ရှိကြသောအခါ သူက သူ့ထံမှ မည်သည့်အရည်အချင်းကို ၄င်းတို့မျှော်ကိုးပြီး မည်သို့ ဖြစ်စေလိုသည်ကို မေးမြန်း၏။ အလုပ်သမားများကပြောကြသမျှ တင်ပြသမျှ အချက်အလက်အားလုံးကို သူက သင်ပုန်းကြီးတွင် ရေးမှတ်ထားလိုက်သည်။ ပြီးနောက် အဒေါ့(လ်) က "ကိုင်း ခင်ဗျားတို့ ဖြစ်စေလိုတဲ့ အချက်တွေ၊ ကျွန်တော့်မှာ ရှိစေလိုတဲ့ အရည်အချင်းအားလုံးကို ခင်ဗျားတို့ကို ပုံအပ်လိုက်ပြီ။ လုပ်ပိုင်ခွင့်လည်း ပေးလိုက်ပြီတဲ့ဗျာ၊ ကိုင်း အခု ကျွန်တော့်အနေနဲ့ ခင်ဗျားတို့ လုပ်သားများဘက်က ဘယ်လိုအချက်တွေတောင်းဆိုသင့်တယ်ဆိုတာကို ပြောကြပါ။ ခင်ဗျားတို့အလှည့်ပဲ" ဟု ပြောလိုက်သည်။ ၎င်းတွင် သူတို့ အနေနဲ့ ဆောင်ရွက်သင့်သည်တို့ကို အမြန်မနှေးတုံ့ပြန်ကြလေသည်။ ဥပမာ သစ္စာရှိကြရန်၊ ရိုးသား ကြရန်၊ မိမိတို့ကအစပြု ဆောင်ရွက်ကြရန်၊ အပြုသဘောမြင်တတ်ကြရန်၊ စုပေါင်းဆောင်ရွက်တတ်ကြရန်၊ တစ်နေ့ လျှင် (၈)နာရီ အားကြိုးမာန်တက်လုပ်ကိုင်ကြရန် စသည်တို့ဖြစ်၏။ ထို တွေ့ဆုံပွဲကို အသစ်သောခွန်အား၊ အသစ်သောရည်မှန်းချက်ဖြင့် အဆုံးသတ်ခဲ့နိုင်ကြောင်းနှင့် ထိုနေ့မှစ၍ ရောင်းအားလည်း စံတင်လောက်အောင် တက်ခဲ့ကြောင်း စယ်လ်(စ) က ကျွန်တော့်ကို တင်ပြခဲ့သည်။

"အလုပ်သမားတွေနဲ့ ကျွန်တော်တို့ စိတ်ဓာတ်ပိုင်းဆိုင်ရာ အပေးအယူလုပ် ခဲ့တဲ့သဘောပါ၊ ကျွန်တော့်ဘက်က တာဝန်ကျေရင် သူတို့ဘက်ကလည်း တာဝန်ကျေပါစေ့မယ် သန္နိဋ္ဌာန်ချခဲ့ကြတာပါ၊ သူတို့ရဲ့ လိုအင်ဆန္ဒများကို မေးကြည့်တာကိုကပဲ သူတို့ကို အားဖြည့်ပေးသလို ဖြစ်ခဲ့တာပါ" ဟု စယ်လ်(စ)က ရှင်းပြပါသည်။

-ဒေးလ်ကာနဂီ **-Dale Carnegie**

## နိုးကြားတက်ကြွလာစေရန် ပညာသားပါသော စကားများသုံးခြင်း

- လူများနှင့် ဆက်ဆံသည့်အခါ ၄င်းတို့သည် ၄င်းတို့၏ တာဝန်ပိုင်းကို ကျေပွန်နေသကဲ့သို့ သဘောထားပါ။ သူတို့စွမ်းဆောင်နိုင်သည့် အဆင့်ရောက်အောင် ပံ့ပိုးပေးပါ။
- လူတစ်ဦးတစ်ယောက်အား မိမိက ယုံကြည်စိတ်ချကြောင်း ပြသလျက် တာဝန်ကို ထမ်းဆောင်စေခြင်းထက်ကောင်းသော အထောက်အကူမရှိပါ။
- "ကျွန်တော် ခင်ဗျားကို ဂုဏ်ယူပါတယ်" ဟု ချီးကျူးခြင်းဖြင့် တစ်ဖက်က အရေးကြီးသူတစ်ဦးအဖြစ် သူ့ကိုယ်သူ ခံစား ပေလိမ့်မည်။
- ချီးကျူးဂုဏ်ပြုထိုက်သူကို ချီးကျူးဂုဏ်ပြုပါ။
- လူတွေကို ကြည့်တတ်ပါ၊ သူတို့၏ အတွင်းသရုပ်နှင့် ပြဿနာများကိုလည်း မြင်တတ်ပါ။
- လောကတွင် ကိုယ့်နာမည်လောက် သာယာသည့် အသံဟူ၍မရှိပါ။ အမည်တပ်၍ ခေါ်ခြင်းက ထိုသူအား ဂရုပြုကြောင်းအရေးပါ၍ မှတ်မိကြောင်းနှင့် ထိုသူအား အသိအမှတ်ပြုကြောင်း ပေါ်လွင်စေသည်ဟု ထိုသူက ခံစားရသည်။
- စိန်ကောင်းကျောက်ကောင်းဟူသည် (မသွေးမီ) အရောင်မတင်မီ အပြင်ပန်းက ကြမ်းတမ်းသကဲ့သို့ပင် လူတို့သည်လည်း အတွင်း၌ အရည်အသွေး ရှိသည်ကို သတိပြု၍ ဖော်ထုတ်တတ်ပါ။
- လူတိုင်းသည် အရေးပါလို၏။ အချီးမွမ်းခံလိုကြ၏။ သူတို့အား အများက ရိုးသားစွာ အသိအမှတ်ပြုခြင်းကို ခံလိုကြသည်။
- လူသိရှင်ကြား ချီးကျူးပါ။ သိုသိပ်စွာ အပြစ်ကို ဖော်ပြပါ။



# တစ်ကိုယ်တော်ဘဝ

မထင်ရှားသောရွာငယ်တစ်ခုရှိ တောသူအမျိုးသမီးတစ်ယောက်မှ မွေးဖွားခဲ့ပြီးအခြားရွာတစ်ရွာ၌ ကြီးပြင်းလာခဲ့သည်။ သူက လက်သမားအလုပ်ဖြင့် အသက်မွေးခဲ့ရာ အသက်သုံးဆယ်အထိပင်။ ထို့နောက် တိုတောင်းသော သုံးနှစ်တာ ကာလအတွင်း နယ် လှည့် တရားဟောဆရာအဖြစ် အမှုတော်ဆောင်ခဲ့သည်။

သူသည် ကျမ်းတစ်စောင် စာတစ်အုပ်မှ မပြုစုမရေးသားခဲ့ဖူးပါ။ ရာထူးဌာန ဟူ၍ လက်ဝယ်၌ မရှိခဲ့ဖူးပါ။ အိမ်ခြေရာခြေမရှိ၊ အိမ်ထောင်သည်ပင် မဟုတ်ခဲ့ပါ။ ကောလိပ်တက္ကသိုလ်သို့ မတက်ရောက်ခဲ့၊ မြို့ကြီးတစ်မြို့မြို့၌မှ ခြေမချခဲ့ဖူး၊ သူ့ခေတ် သူ့အခါ၌ တွင်ကျယ်သည့် အရေးပါသည့် အလုပ်အကိုင်တစ်ခုမှ မဆောင်ရွက်ခဲ့ဖူးပါ။

မိမိကိုယ်မိမိမှတစ်ပါး သူ့အား ထောက်ခံမည့်သူ အခြားတစ်ပါးသောသူမရှိ၊ ဤလောကနှင့်ဆိုင်၍ ဘာဥစ္စာပစ္စည်းမှ မပိုင်ဆိုင်၊ သို့သော် ဘုရားသခင်ပေးအပ်သော လူ့ဘဝနှင့် ဘုရားရှင်ထံမှ တန်ခိုးကိုရရှိခဲ့သည်။ လူငယ်ဘဝတွင်မှာပင် သူ့အပေါ် လူတို့က ဆန့်ကျင်စွာ မြင်ခဲ့ကြသည်။

အရေးကြုံစဉ် သူ့မိတ်ဆွေများက ထွက်ပြေးခဲ့ကြသည်။ တစ်ယောက်က သူ့ကို မသိပါဟု ငြင်းပယ်ခဲ့သည်။ အခြားတစ်ယောက်က သူ့အား သစ္စာဖောက်ခဲ့သည်။ သူ့အား ရန်သူ့လက်သို့ အပ်နှံခြင်းခံရသောအခါ သရော်သေ ာတရားရုံးတွင် အမှုစစ်ဆေးခြင်းကို ခံရသည်။

သူ့အား သူခိုးနှစ်ယောက်ကြား လက်ဝါးကပ်တိုင်တွင် သံမှိုနှက်ကာ အသတ်ခံရသည်။ အသက်မထွက်မီတွင်ပင် သူပိုင်ပစ္စည်းတစ်ခုဟု ခေါ်နိုင်သော အပေါ်ရုံအင်္ကျီကို သူသတ်သမားတို့က စာရေးတံချပြီး အပိုင်သိမ်းယူလိုက်ကြသည်။ အသက်ချုပ်ငြိမ်းသွားပြန်သောအခါ တိုင်ပေါ်မှချပြီး မြှုပ်နှံရန် မြေမရှိ၍ ကြင်နာတတ်သူ မိတ်ဆွေတစ်ဦးက သူပိုင်သော သင်္ချိုင်းတွင်း၌ မြှုပ်နှံခွင့်ပြုခဲ့လေသည်။



နှစ်ပေါင်းနှစ်ထောင်နီးပါးအချိန်များ ကုန်လွန်ခဲ့ချေပြီ။ ယနေ့ သူသည် လူသားတို့၏ လောက၌ ဗဟိုအချက်အချာ နေရာယူလျှက် ရပ်တည်ရောက်ရှိနေသည်။ ဘုရားသခင်၏ လမ်းပြသွန်သင်မှုနှင့် ဝိဉာဉ်ခွန်အားပေါ်ထွက်ရာ အင်အားစုကြီးတစ်ခုအဖြစ်သို့ ရောက်ရှိနေချေပြီ။

လူ့သမိုင်းတစ်လျှောက် စစ်ချီခဲ့သည့် စစ်သည်များအားလုံး၊ တည်ဆောက်ခဲ့သမျှသော ရေတပ်မတော် ကြီးများအားလုံး၊ ဆွေးနွေးခဲ့ကြသမျှသော လွှတ်တော်ကြီးများအားလုံး၊ ကမ္ဘာပေါ်တွင် စိုးစံအုပ်ချုပ်ခဲ့သမျှသော ဘုရင်များအားလုံး၊ ထိုထိုသော အင်အားစုတစ်ပေါင်းတစ်စည်းသော အင်အားတို့သည် လူသားတို့၏ ဘဝကို ဤပုဂ္ဂိုလ်တစ်ဦးလောက် အကျိုးသက်ရောက်မှုများ မရှိခဲ့ဟု ကျွန် တော်ပြောလျှင် မှားလိမ့်မည် မထင်ပါ။

ဂိုမ်း (စ)၊ အေ၊ ဖရန့်စစ်(စ)
**James A. Francis**

ဖဖဖ

ယေရှုခရစ်တော်ဆိုလျှင် လူအတော်များများက သာမန် လူသားတစ်ယောက်ဟု ဆိုလိမ့်မည်။ အချို့က ပန်းချီကားတစ်ချပ်ရေးဆွဲ ဖို့ အရာဝတ္ထုတစ်ခု၊ ကဗျာတစ်ပုဒ်သီကုံးရန် ပြောင်မြောက်သော အကြောင်းတစ်ရပ်။ ပန်းပုဆရာက လုပသော အရုပ်ထုရန်နှင့် သီချင်းရေးစပ်သူအတွက်လည်း စိတ်ကူးကောင်းတစ်ခုမျှ ဖြစ်ပေသည်။ သို့သော်လည်း သူ၏အသံတော်ကို ကြားနာဖူးသူ၊ သူ့ထံမှ (အပြစ်မှ) လွှတ်ခြင်း အခွင့်ထူး၊ သူ့ထံမှ ကောင်းချီးမင်္ဂလာ ခံစားရသူများအတွက်ကား သူသည် သာယာသော တေးဂီတတစ်ပုဒ်၊ ဆွေးနွေးမှုတစ်ရပ်၊ အလင်းရောင်တစ်ခု၊ ဝမ်းမြောက်ခြင်း၊ မျှော်လင့်ခြင်းနှင့် ကယ်တင်ခြင်း စသည့် ကောင်းမှုများဖြစ်သည်။

သူသည် လူတို့အား စွန့်ပစ်လိမ့်မည်မဟုတ်သော မိတ်ဆွေကောင်း အခြား သူတို့က ဖိနှိပ်နေစဉ် သူက ချီးမြှင့်ပေးသူ၊ သူသည် ဘယ်သောအခါမှ ညည်းတွားသူမဟုတ်၊ မိမိခံစားရသည့် သောကပူဆွေးခြင်းများကို သူ့အပေါ် ပုံချထားနိုင်သူ၊ သူက ကျွန်ုပ်တို့အား ကယ်မဖို့ရန် အမြဲအဆင်သင့်၊ မေတ္တာဖြင့်လည်း အကြိမ်ကြိမ်အားပေးလျှက်ပါ၊ ကျွန်ုပ်တို့အတွက် သူ့အပြုံးက မလျော့၊ အမြဲကြင်နာ-တတ်သည်၊ သူ့အမည် နာမမျိုးက ရှားမှရှားပါသည်။ ထိုနာမသည် ကျွန်ုပ်တို့အား သက်ဝင်လှုပ်ရှားစေသည်၊ ကျွန်ုပ်တို့ ဒုက္ခရောက်စဉ် ထပ်တူဝမ်းနည်း၍ ငိုကျွေးသည်၊ နာကျင်မှုအတွက် ညည်းတွားပေးသည်၊ မေတ္တာကရုဏာဖြင့် ညွတ်တွားနိမ့်ချရှာသည်၊ ယေရှုကဲ့သို့ အဘယ်သူက အခြေအနေမဲ့တို့အား သနားနိုင်သနည်း? ဆိုးသွမ်းသူတို့အား သူ့လို အဘယ်သူက ပြန်လည်လက်ခံသနည်း ? အရက်သေစာမူးယစ်ဆေးဝါးသမားများအား အဘယ်သူက ယေရှုကဲ့သို့ လူကောင်းဖြစ်စေသနည်း ?

သုသာန်သချိုင်းတွင်းများအား အဘယ်အရာက ယေရှုကဲ့သို့ အလင်းရောင်ပေးသနည်း ?လမ်းပေါ်ကမိန်းမတစ်ယောက်ကို ဘုရားရှင်က လက်ခံလောက်သည့် ဘုရင်မအဆင့်သို့ ရောက်အောင် အဘယ်သူက ယေရှုကဲ့သို့ တတ်စွမ်းနိုင်သနည်း? လူသား၏ ဝမ်းနည်းခြင်းမျက်ရည်ကို အဘယ်သူ သုတ်သင်ပေးသနည်း ? အဘယ်သူသည် ယေရှုကဲ့သို့ ကျွန်ုပ်တို့၏ပူဆွေးခြင်းများအားဖယ်ရှားပေးနိုင်အံ့နည်း?

ဘီလီဆန်းဒေး (၁၈၆၃–၁၉၃၅)
အားကစားသမားဘဝမှ ဧဝံဂေလိဆရာဘဝသို့ပြောင်းလာသူ

ဘုရားသခင်နှင့်ဆိုင်သော နိုင်ငံတော်၏ နိုင်ငံသားဖြစ်မှုကိုခေတ္တစွန့်လွှတ်လိုက်သောအခါ နိုင်ငံသားတို့ပိုင်ဆိုင်သောအခွင့်အရေးများကို လက်လွှတ်လိုက်ရသည်။ ဤသို့ စွန့်လွှတ်ပြီးနောက် လူ့လောကသို့ လူသားအဖြစ်ခံယူခဲ့သည်။ ကုံလုံ ကြွယ်ဝသည့် အခြေအနေမှ ကျွန်ုပ်တို့လူသားများ၏အကျိုး၊ ကျွန်ုပ်တို့ ကြွယ်ဝ ချမ်းသာစေဖို့ရာ သူက အဆင်းရဲခံလိုက်သည်။ ဓလေ့၊ ဘာသာစကား၊ ဝတ်စား ဆင်ယင်မှုမှစ၍ အလုံးစုံကို လက်ခံလိုက်သည်တွင် လူတို့၏ ဘဝကိုပို၍ နားလည်လျက် မေတ္တာစေတနာထားမှု နှိမ့်ချစွာ လူတို့နှင့် ဆက်ဆံနိုင်မှုတို့ကို ပီပြင်စွာ ရယူရန် ဖြစ်သည်။ လူတို့ကို ဘုရားရှင်၏ မေတ္တာတော် သက်ရောက်စေရန် ကရုဏာတော်နှင့် ဂရုပြုမှုကို သက်သေအဖြစ် ပြသရန် အလို့ငှာ လူတို့နားလည်လွယ်သောစကားဖြင့် သတင်းကောင်းကို သွန်သင်ဖို့လည်းဖြစ်သည်။ ဤသည်မှာ စွန့်လွှတ်ရခြင်း၏ အကြောင်းရင်းတည်း။

ဘုရားသခင်၏မေတ္တာတော်နှင့် ယင်း၏ သဘောသဘာဝနှင့် ဆက်သွယ်မှုတို့ကို ယေရှုအားဖြင့် ပေါ်လွင်ထင်ရှားစေခဲ့၏။ ယေရှုသည် မေတ္တနှင့် ကရုဏာတော်၏ သဘောကို သွန်သင်ပြသပေးခဲ့၏။ ထင်ဟပ်ပြသသည်။ ပုံဆောင်တော်မူသည်။ အမှန်အားဖြင့် ယေရှုသည် ဘုရားသခင်၏ မေတ္တာတော်ပင်တည်း။ ဒေးဗစ်ဘရန့်ဘာ့(ခ)

# သင်သိလိုသည့်အရာများ
# ဘုရားရှင်၏အဖြေ

အမေး ဘုရားသခင်ရှိကြောင်း ခိုင်မာသော သက်သေရှိပါသလား ?

အဖြေ ကမ္ဘာမြေကြီးပါဝင်သော စကြဝဠာတံတိုင်းလုံးသည် အံ့ချီးဖွယ်များနှင့် ပြည့်ဝ နေသည်။ ဂြိုဟ်ကမ္ဘာများ၊ နေနှင့်လနှင့် အခြားကြယ်စုများရှိ ကြယ်ကြီးများသည် တညီတညွတ်တည်း လှည့်ပတ်သွားလာလှုပ်ရှားနေခဲ့ကြသည်။ ယနေ့လည်း လှုပ်ရှားနေ သလို နောက်နောင်တွင်လည်း တာဝန်ကျေပွန်စွာ သွားလာလှုပ်ရှားနေကြဦးမည်။ ထို စကြဝဠာစနစ်တစ်ခုကိုပဲ ဆင်ခြင်ပါ။ ဂြိုဟ်တစ်လုံးချင်းတို့သည် သတ်မှတ်ထားသော နေရာတွင် တည်ရှိရပြီး၊ သတ်မှတ်သော လမ်းကြောင်းအတိုင်း တစ်သဝေ မတိမ်းသွား လာကြရာဝယ် တစ်လုံးနှင့်တစ်လုံး ထိတွေ့တိုက်ခိုက်မှု မရှိကြရ။ လည်ပတ်ရာလမ်းခရီး နှင့် အချိန်တို့သည် မှန်ကန်လှသဖြင့် စက္ကန့်၏ အစိတ်အပိုင်းမျှသော အချိန် နှင့် ခရီးလမ်းကြောင်းတို့ကို တိကျစွာ တွက်ချက်တိုင်းတာရရှိနိုင်ပေသည်။

ဤအချင်းအရာတို့သည် သူ့အလိုအလျောက် မတော်တဆဖြစ်ပေါ်ခဲ့ပြီး လှုပ်ရှားနေကြသည်ဟု ဆိုရမည်လော ? သင့်၌ ဆင်ခြင်တုံတရား၊ စဉ်းစားတတ်သော ဉာဏ်ရှိပါက အဖန်ဆင်းခံလောကကြီးကို စိစစ်ကြည့်ရှုပါ။ အရာခပ်သိမ်းတို့အား တစ်ဦးတစ်ယောက်၊ အင်အားစု၊ တစ်ခုက နေရာတကျထားသိုခဲ့ပြီး ပုံစံစနစ်ကျနစွာ အကွက်ဖော်လှုပ်ရှားနေစေသည်မှာ ထင်ရှားသေချာလှပါ၏။

အဏုမြူရူပဗေဒပညာရှင် ကော(စ)မစ်ရောင်ခြည် သုတေသီတစ်ဦးဖြစ်သူ ဒေါက်တာရောဘတ်၊ အေ၊ မီလီကန် (၁၈၆၈-၁၉၅၃) က “ဆိုပါစို့ နာရီတစ်လုံးဟာ သူ့ဘာသာ တီထွင်ဆောက်လုပ် သူ့အလိုအလျောက် နေရာယူဖြစ်လာသည်ဟု ပြော မည်ဆိုပါက သင်သည် စိတ်မနှံ့သူသာ ဖြစ်ပေလိမ့်မည်။ နာရီတစ်လုံးနောက်ကွယ်၌ တီထွင်ဖောက်လုပ် တပ်ဆင်ပေးရသူတစ်ဦးရှိနေပြီး စက်လှုပ်ရှားမှု မှန်ကန်စေရန် ညှိ ပေးဖို့လည်းလိုမည်။ အခြားနာရီများနှင့်လည်း ကိုက်ညီစေရပါမည်။ အလားတူပင် စကြဝဠာစနစ်၏ နောက်ကွယ်တွင် ပုံဖော်သူနှင့် ဖန်ဆင်းသူ တန်ခိုးတော်ရှင် တစ်ပါး ရှိရပါမည်” ဟု အခိုင်အမာ ဆိုထားသည်။

သမ္မာကျမ်း၌ “ အဘယ်သို့နည်းဟူမူကား၊ ဖန်ဆင်းတော်မူသော အရာများ ကို ထောက်ရှုသဖြင့်၊ ထာဝရတန်ခိုးတော်နှင့် ထာဝရအဖြစ်တော်တည်းဟူသော မျက် မြင်မရသောဘုရားသခင်၏ အရာတို့သည် ကမ္ဘာတည်သည့်ကာလမှစ၍ ထင်ရှားလျက် ရှိ၏။ ထို့ ကြောင့် သူတို့သည် ကိုယ့်အပြစ်ကို မဖုံးနိုင်ရာ” (ရော ၁း၂၀) ဟု ဖော်ပြ ထားသည်။ ဘုရားသခင်တည်ရှိတော်မူခြင်းကို သူဖန်ဆင်းထားသောအရာအလုံးစုံက အကြီးဆုံးသော သက်သေအဖြစ် ဖော်ပြလျက်ရှိ၏။ - ဒေးဗစ် ဘင်

# ထူးကဲခန့်ညားသောရွေးချယ်ပိုင်ခွင့်ရှိခြင်း

ဘုရားသခင်၏ အလိုတော်နှင့် အကြံအစည်တော်တွင် အံ့ဖွယ်ကောင်းသောအရာတစ်ပါးသည် ကျွန်ုပ်တို့လူတစ်ဦးစီအား နိစ္စဓူဝ ထူးကဲခန့်ညားလှသော ရွေးချယ်ပိုင်ခွင့်ကိုပေးအပ်ထားခြင်းဖြစ်၏။ ထိုအခွင့်အားဖြင့် လူတို့သည် အကောင်းနှင့်အဆိုး ကြိုက်ရာကို ရွေးနိုင်ကြ၏။ ထို့ကြောင့် လူတို့သည် ဘုရားကို နားမလည်နိုင်၊ မသိနိုင်ခြင်းဖြစ်ပေသည်။ ဘုရားက လူတို့အား ကြိုက်ရာကို ရွေးစေလိုသည်။ ကျွန်ုပ်တို့သည် ကိုယ့်သားသမီးများအား ကြိုက်ရာကိုရွေးခွင့်ပြုသကဲ့သို့ သူတို့ရွေးသော အရာသည် မိမိကိုယ်ကို အကု သိုလ်မဖြစ်စေရ၊ အခြားသူတို့ကိုလည်း မကောင်းမှုမဖြစ်ပါက လက်ခံနိုင်သကဲ့သို့ဖြစ်၏။

လူအများထင်သကဲ့သို့ ဘုရားသည် ကျွန်ုပ်တို့ဘ၀အတွက် အရာရာကို ရွေးချယ်ပေးထားခြင်း မပြုပါ။ ကျွန်ုပ်တို့သည် ကိုယ့်စိတ် ကြိုက် ရွေးချယ်ခဲ့ကြသည်သာ ဖြစ်သည်။ ဘုရားနှင့် လူအချင်းချင်း တိုက်ရိုက်ဆက်သွယ်လျက် အဘယ်အဘယ်ကဲ့သို့ အကောင်းဆုံးကို ရွေးမည်ကို သိရှိနားလည်ထားစေလိုသည်ဖြစ်၍ ဘုရားသခင်၏ နှုတ်ကပတ်တော်နှင့်ပတ်သက်သော အမှန်တရား၊ သူ၏ အလိုတော နှင့် သူ့အား ကြည်ညိုလျက် လူအချင်းချင်း မေတ္တာထားတတ်ကြဖို့ လူတို့အား ဤလောက၌ ထားတော်မူသည်။ လူသည် အကောင်း နှင့်အဆိုးကို ပိုင်းခြား၍ အဆိုးကို ရှောင်ပြီး အကောင်းကိုသာဆောင်တတ်ရန် ဘုရားကို ဆည်းကပ်မည်လော၊ သို့မဟုတ် အတ္တစိတ် နှင့် စာတန်(မာရ်နတ်) ကို ဆည်းကပ်မည်လောဆိုသည်ကို ကွဲကွဲပြားပြား သိရှိရန် ဤလောက၌ နေရာချထားခြင်း လူဖြစ်နေခြင်း ခံရဖြစ်ရသည်။ ဘုရားကို ဆက်ကပ်ခြင်း၏ အကျိုးကို မိမိကိုယ်ပိုင်ဉာဏ်ဖြင့် တွေ့ရှိစေလိုသည်။ ဘုရားသခင် ပေးအပ်ချမှတ်ထားသော ပညတ်များကိုထိန်းသိမ်းခြင်းဖြင့် ရရှိအပ်သော ၀မ်းမြောက်ရွှင်လန်းခြင်းကို ခံစားစေလိုသည်။ ထိုသို့ သိရှိသောအခါ ကောင်းကင်ရှင်အဖဘုရားအား ကျေးဇူးသိတတ်သော သားသမီး ပီသစွာ ကျေးဇူးတော်ကို ချီးမွမ်းလျက် ၀တ်ပြုတတ်ခြင်းကြောင့် ကောင်းကျိုးချမ်းသာကို ခံစားရိတ်သိမ်းခွင့် ရစေလိုတော်မူ၏။

ဤသို့အားဖြင့် ကျွန်ုပ်တို့သည် ဘုရားသခင်အား၊ ယုံကြည်ခြင်း၊ ကိုးစားခြင်း၊ နှုတ်ကပတ်တော်ကို နာခံခြင်းတို့ကြောင့် ကောင်းသော အကျိုးကို ရလိမ့်မည်။

သို့မဟုတ်ပါက အခြားသောရွေးစရာလမ်းမှာ မာရ်နတ်၏ လှည့်စားမှုကို ယုံစားပြီး ဘုရားကို ပုန်ကန်ခြင်း၊ နှုတ်ကပတ်တော်ကို ယုံမှားသံသယရှိကာ လိုက်လျှောက်ရန် ပျက်ကွက်ခြင်းနှင့် နောက်ဆုံး ကိုယ်သွားလိုရာလမ်းကို ရွေးချယ်ခြင်းတို့ဖြစ်သည်။ မကြာခဏဆို သလို ဘုရားရှင်က ကျွန်ုပ်တို့အား မှားသောလမ်းကို ရွေးမိသဖြင့် အကုသိုလ်၏ ဆိုးကျိုးများ ခံစားစေတတ်၏။ ဘုရားသခင် ချမှတ်သော အကျင့်နှင့် ဆိုင်သည့် ပညတ်၊ ရုပ်ပိုင်းဝိဉာဉ်ပိုင်းနှင့်ဆိုင်သော ဥပဒေသတို့ကို နာခံခြင်းမရှိဘဲ တော်လှန်ခြင်းကြောင့် ဖျားနာခြင်းဒုက္ခ၊ စီးပွားရေးကပ်ဆိုးဆိုက်ခြင်း၊ ၀မ်းနည်းပူဆွေးခြင်း၊ စိတ်သောကရောက်ခြင်းနှင့် နောက်ဆုံး ရှုံးသွတ်သွားနိုင်ခြင်းတို့ကို ခံရတတ်၏။

သင်ဘယ်လမ်းကို ရွေးမည်နည်း

ဘုရားသခင်သည် ကြီးမားသော မေတ္တာရှင်ဖြစ်၍ ကောင်းသော လမ်းကိုသာ ရွေးချယ်ရန် မစတတ်၏။ သူပဲ့ပြင်ပြသသော လမ်းကိုရွေးလျှင် ကျန်းမာခြင်း၊ ရွှင်လန်းခြင်း၊ ကိုယ်စိတ်နှစ်ပါးစလုံး ကြွယ်၀ခြင်း အကျိုးကို ရလိမ့်မည်။

–ဒေးဗစ် ဘင်